ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

ညွှန်ကြားချက်အမှတ် - ၇ /၂၀၁၈

အကြောင်းအရာ။ ပြည်ပမှ ရေထွက်ပစ္စည်းများ တင်သွင်းခြင်းနှင့်တစ်ဆင့် ဖြတ်သန်းကုန်သွယ်မှုပြုရာတွင် လိုက်နာဆောင်ရွက်ရန်ကိစ္စ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ-၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေထွက်ပစ္စည်းများ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် တင်ပို့/ တင်သွင်းသော ရေထွက်ပစ္စည်းများသည် စားသုံးသူများအတွက် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ရေထွက်ပစ္စည်းများ တရားမဝင် တင်ပို့/ တင်သွင်းခြင်းများ မရှိစေရေးနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများရရှိရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါသည်။

၃။ ပြည်ပမှ ရေထွက်ပစ္စည်းများအား ပြည်တွင်းစားသုံးရန်အတွက် တင်သွင်းပြီး ပြုပြင်ထုတ်လုပ်၍ ဖြန့်ဖြူးခြင်း၊ ရေထွက်ပစ္စည်းများအား တင်သွင်း၍ လက်ခစားအပ်ကုန်စနစ်ဖြင့် ပြုပြင်မွမ်းမံထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့ခြင်း၊ နိုင်ငံအတွင်းဖြတ်သန်း၍ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုပြုလုပ်ရာတွင် ကုန်သွယ်ရေးဦးစီးဌာနသို့ ထောက်ခံချက်ထုတ်ပေးနိုင်ရေးအတွက် အေးခဲငါး/ပုစွန် နှင့် ရေထွက်ကုန်ပစ္စည်းများအား တင်သွင်းခြင်း၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်ခြင်းနှင့် တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုပြုခြင်းလုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း
ရေထွက်ပစ္စည်းတင်ပို့/တင်သွင်းမှုလုပ်ကိုင်နေသည့်ကုမ္ပဏီများ( )

စာအမှတ်၊ ငလ/နပတ-၅/၂၀၁၈( ၇၅၇၉ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

မိတ္တူကို -

- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ညွှန်ကြားရေးမှူး(                    )၊ ငါးလုပ်ငန်းဦးစီးဌာန
- ပြည်နယ်/တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ……………..ပြည်နယ်/တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန
- တာဝန်ခံ၊ ဥပဒေရေးရာဌာနခွဲ၊ ငါးလုပ်ငန်းဦးစီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ